## စာရေးသူ၏ မှတ်တမ်းစကား

ရက်ပေါင်းတစ်ရာ စာအုပ်(၃)အုပ် ထုတ်ခဲ့ပြီးပါပြီ။ ခုတစ်အုပ်က တော့ ရက်ပေါင်း (၆၅)ရက်ပါ။

ပထမ ရက်ပေါင်းတစ်ရာက "လူငယ်နှင့်ခေါင်းဆောင်မှုအနုပညာ" ဆိုတဲ့ ခေါင်းစဉ်နဲ့ အနုပညာဆန်တဲ့ ခေါင်းဆောင်မှုကို နေ့စဉ် ကြုံတွေ့ ရတဲ့ အတွေ့အကြုံတွေကို အခြေခံပြီး လူငယ်တွေ နားဝင်အောင်၊ နားလည် အောင် ပေါ့ပေါ့ပါးပါး ရေးသားခဲ့ပါတယ်။

ဒုတိယ ရက်ပေါင်းတစ်ရာကလည်း ခေါင်းဆောင်မှုအကြောင်းပါပဲ။ ဒီတစ်ခါမှာတော့ စိတ်ခံစားမှုတွေနဲ့ဆိုင်တဲ့ အကြောင်းအရာ အဖြစ်အပျက် တွေကို အခြေခံပြီး "လူငယ်နှင့် ခေါင်းဆောင်မှုများအတွက် စိတ်ခံစား ချက်ဆိုင်ရာ အနုပညာ" ဆိုပြီး ရေးသားခဲ့ပါတယ်။

ဒီခေါင်းဆောင်မှုအတွက် ရက်တစ်ရာစာအုပ် နှစ်အုပ်မှာ ကိုယ့် အတွေ့အကြုံတွေရယ်၊ စာတွေပေတွေထဲက မှတ်သားဖွယ်ရာအဖြာဖြာတွေ ရယ်၊ သီအိုရီတွေရယ်ကို ပေါင်းစပ်ပြီး ရိုးရိုးစင်းစင်း တင်ပြခဲ့တာပဲ ဖြစ်ပါ တယ်။ အဓိက,ကတော့ လူငယ်တွေကို တိုးတက်ကြီးပွားစေလိုတဲ့ အာသီသကို အခြေခံထားတာပါလို့ ပြောချင်ပါတယ်။

**" လူငယ်ဆိုတာ တွေးတတ်ဖို့လိုသလို**
**တွေးရဲဖို့လည်း လိုပါတယ်။**
**တွေးတတ်ရုံနဲ့ မရဘူးဗျ။**
**တွေးရဲမှလည်း အမှန်အမှား သိမှာကိုး။"**

နောက်ထပ် တတိယမြောက် ရက်ပေါင်းတစ်ရာကတော့ ခေါင်းဆောင် မှုကို ထောက်ပံ့နေတဲ့ နောက်လိုက်မှုပဲ ဖြစ်ပါတယ်။ "နောက်လိုက်ကောင်း အတွက် ရက်ပေါင်းတစ်ရာ" ဆိုပြီး ရေးခဲ့တာပါ။ ခေါင်းဆောင်ကောင်း လိုအပ်သလို နောက်လိုက်ကောင်းတွေလည်း လိုပါတယ်။ လူတိုင်း ခေါင်းဆောင် ဖြစ်နိုင်ပါတယ်။ အဲဒီလိုပါပဲ...နောက်လိုက်လည်း ဖြစ်ရမှာ ပဲ ဖြစ်ပါတယ်။



**He who cannot be a good follower, cannot be a good leader.** ဆိုသလိုပေါ့။

ခုစာအုပ်လေးကတော့ ရက်ပေါင်းတစ်ရာ မဟုတ်တော့ပါ။ တစ်နှစ် စာ တစ်ရက်ချင်း နေ့တိုင်း ရေးခဲ့တာမို့ တစ်နှစ်မှာရှိတဲ့ ရက်ပေါင်း (၃၆၅) ရက်အတွက်ဆိုတော့ (၆၅)ရက်စာပေါ့ဗျာ။

ခေါင်းဆောင်ဖြစ်စေ...
နောက်လိုက်ဖြစ်စေ...
ဘယ်သူဘယ်ဝါဖြစ်စေ...
လူသားမှန်ရင် လူဆန်ဖို့ လိုပါတယ်။

ဒါကြောင့် လူသားဆန်ဆန်နဲ့ လူသား ပီပီသသဖြစ်စေဖို့ စိတ်ကောင်း ရှိဖို့ လိုအပ်ပါတယ်။

စိတ်ကောင်းတွေ၊ စိတ်ယုတ်တွေဆိုတာကလည်း ကာယကံရှင်ဖြစ် တဲ့ ကိုယ်တိုင်က မွေးမြူရတာပါ။ စိတ်ကောင်းရှိအောင် မွေးမြူကျင့်ကြံ နိုင်သလို စိတ်ယုတ်ရှိအောင်လည်း မွေးမြူကျင့်ကြံနိုင်ပါတယ်။ စိတ်ယုတ် တွေကို ကင်းစင်လွင့်ပျောက်သွားအောင်လည်း ကျင့်ကြံကြိုးစားအားထုတ် လို့ရပါတယ်။

ရင်ထဲက နှလုံးသားရဲ့ နက်ရှိုင်းတဲ့နေရာကနေလာတဲ့ စိတ်ကောင်း တွေနဲ့အတူ ကျင့်ကြံအားထုတ်ရမယ့် ကျင့်ဝတ်တွေကို

**"The ethics come from the heart"** လို့ တင်စားကာ "**စိတ်ကောင်းမွေး**" စာအုပ်ကလေးကို စာဖတ်သူလက်ထဲရောက်အောင် ပို့ဆောင်ပေးလိုက်ပါတယ်။

**ရိုသေလေးစားစွာ**

ညီညီ (စိတ်ပညာ)